## ဖြည့်စွက်ရန် လိုအပ်မယ့် ပုံစံတွေကတော့

**ပုံစံ(၃)** မဲစာရင်းတွင်အမည်ထည့်သွင်းလိုပါက–

- အကယ်၍ သင် (သို့မဟုတ်) သင့်မိသားစုဝင်တစ်ဦးသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော်လည်း မိမိအမြဲတမ်းနေရပ်၏ မဲဆန္ဒရှင်စာရင်းတွင် အမည်မပါဝင်ခြင်း၊ (သို့မဟုတ်) ပထမ အကြိမ်မဲပေးမယ့်သူဖြစ်ခြင်း။

**ပုံစံ(၄–ဂ)** ကိုယ်ရေးအချက်အလက်များပြင်ဆင်လိုပါက–

- မိမိ၏အမည် သတ်ပုံမှားယွင်းခြင်း၊ (သို့မဟုတ်) မှတ်ပုံတင်အမှတ်နှင့် အခြားကိုယ်ရေးအချက်အလက်များ မှားယွင်းနေခြင်း။

**ပုံစံ(၄)** မဲစာရင်းနှင့်စပ်လျဉ်း၍ကန့်ကွက်လိုပါက–

- မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများပါဝင်နေခြင်း။ (ဥပမာ–ကွယ်လွန်ပြီးသူများ) (မဲစာရင်းမှထုတ်ပယ်ရန်ဖြစ်သည်။)

**ပုံစံ(၃–က)** မိမိအမြဲတမ်းနေရပ်မှ ရက်ပေါင်း (၉၀) ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက်ရှိနေပါက–

- အကယ်၍ မိမိအမြဲတမ်းနေရပ်မှ ရက်ပေါင်း (၉၀)ထက် မနည်း မဲဆန္ဒနယ်ပြင်ပသို့ရောက်ရှိနေပါက ပုံစံ (၃–က)ကိုဖြည့်စွက်၍ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း (၃၀) အတွင်း မှတ်ပုံတင်ကတ်မိတ္တူ၊ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်နှင့် အခြားအထောက်အထားများကို ပူးတွဲတင်သွင်းရမည်။ (အခကြေးငွေပေးစရာမလိုပါ။)

အကယ်၍ သင် (သို့မဟုတ်) သင့်မိသားစုဝင်များ (သို့မဟုတ်) မိတ်ဆွေများ ၏အမည်စာရင်းကို ဖြည့်စွက်ရန်၊ ပြင်ဆင်ရန် လိုအပ်ပါက (သို့မဟုတ်) မဲစာရင်းပါ အမည်စာရင်းကို ကန့်ကွက်လိုပါက သတ်မှတ်ထားသည့် ပုံစံများကို ဖြည့်စွက်၍ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ တင်သွင်းရပါမည်။ သင့်အမည်စာရင်းကိုအွန်လိုင်းမှတစ်ဆင့် စစ်ဆေးနိုင်ပြီဖြစ်၍ အချိန်မီစစ်ဆေးပါ။ သို့မှသာပြင်ဆင်ရန် လိုအပ်မှုများရှိပါက ရပ်/ကျေးအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံ အချိန်မီပြင်ဆင်နိုင်ပါမည်။

## အတူတကွ မဲပေးကြပါစို့



**မဲဆန္ဒရှင်စာရင်းမှာ မိမိအမည် ပါ/မပါ**
**သွားရောက်စစ်ဆေးဖို့ မမေ့ပါနဲ့။**

အွန်လိုင်းမှလည်း စစ်ဆေးနိုင်ပြီနော်

https://findyourpollignstation.uec.gov.mm

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လူမှုကွန်ရက်စာမျက်နှာ
https://web.facebook.com/uecmyanmar

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်
https://www.uec.gov.mm

Australian Aid · Canada · DENMARK · Swiss Agency for Development and Cooperation SDC · UKaid · USAID · IFES

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

UNION ELECTION COMMISSION MYANMAR

# သင့်အမည် မဲဆန္ဒရှင်စာရင်းမှာ ပါ/မပါ စစ်ဆေးပြီးပြီလား

ယခုတစ်ကြိမ်က မဲဆန္ဒရှင်စာရင်းမှာ သင့်အမည် ပါ/မပါ စစ်ဆေးနိုင်သည့် နောက်ဆုံး အခွင့်အရေးပဲဖြစ်ပါတယ်။ အခုပဲသွားရောက် စစ်ဆေးလိုက်ပါ။



**#သင့်အမည် ပါ/မပါ စစ်ဆေးပါ။**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပပါမယ်။ သင် မဲပေးဖို့ အဆင်သင့်ဖြစ်ပါပြီလား။

အောက်ဖော်ပြပါအချက်တွေကတော့ အရေးကြီးတဲ့ သတိပေးချက်တွေပါ –

## အဆင့် (၁) ဘေးကင်းလုံခြုံစွာနေပါ။

သင်နဲ့သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ။ Covid-19 ရောဂါ ဘေးကင်း လုံခြုံရေးလမ်းညွှန်ချက်များကို လိုက်နာပါ။

### ဘာတွေလုပ်ဆောင်ရမှာပါလဲ။


နေမကောင်းဖြစ်ရင် အိမ်မှာပဲနေပါ။ ဆရာဝန်ကို ဆက်သွယ်၍ အကူအညီတောင်းခံပါ။


တစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာတွင်နေပါ။



အပြင်ထွက်တိုင်း နှာခေါင်းစည်း (Mask) တပ်ပါ။


လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကြဉ်ပါ။


မျက်နှာကိုထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။



နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးပါ။ (သို့မဟုတ်) တစ်ရှူးစက္ကူ အသုံးပြု၍ ကာကွယ်ပါ။



လက်ကိုရေနှင့် ဆပ်ပြာ အသုံးပြု၍ မကြာခဏ ဆေးကြောပါ။


အသုံးပြုပြီးသော တစ်ရှူးစက္ကူများကို အမှိုက်ပုံး ထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကိုစနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။

## အဆင့် (၂) သင်ကဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဖြစ်ပါသလား။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး မိမိနေထိုင်သော မဲဆန္ဒနယ်၏ မဲဆန္ဒရှင်စာရင်းတွင် အမည်စာရင်းပါဝင်ဖော်ပြထားသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို။

## အဆင့် (၃) မဲစာရင်းစစ်ဆေးပါ။

ပထမတစ်ကြိမ်တွင် မဲဆန္ဒရှင်စာရင်းစစ်ဆေးပြီးဖြစ်သော မဲဆန္ဒရှင်များ အနေဖြင့် ယခုတစ်ကြိမ်တွင်လည်း ထပ်မံ၍ မဲစာရင်းသွားရောက်စစ်ဆေးပါ။ ယခုတစ်ကြိမ်က သင့်ရဲ့နောက်ဆုံးအခွင့်အရေးဖြစ်သည့်အတွက် မဲဆန္ဒရှင် စာရင်းထဲပါဝင်ရန်နှင့် နောက်ထပ် ပြင်ဆင်မှုများမရှိစေရန်သေချာဖို့လိုပါသည်။

### မဲဆန္ဒရှင်စာရင်းသွားရောက်စစ်ဆေးရန် သင့်မှာ အချိန်မရှိ/မလုံလောက် ဖြစ်နေပါသလား။

အွန်လိုင်းကနေ စစ်ဆေးလိုက်ပါ။

**https://findyourpollingstation.uec.gov.mm**



ဤ QR ကုတ်ကို အသုံးပြု၍ ဝက်ဘ်ဆိုက်ကို လွယ်ကူစွာ ဝင်ရောက်နိုင်ပါတယ်။ ဘယ်လိုလုပ်ရပါမလဲ။



၁ သင့်ဖုန်းမှ QR ကုတ်ဖတ်သည့် app ကိုဖွင့်ပါ။

၂ ဖုန်းမျက်နှာပြင်တွင် QR ကုတ်အား ရှင်းလင်းစွာမြင်သည့်အထိ ချိန်၍ဖတ်ပါ။

၃ ဝက်ဘ်ဆိုက်သို့ဝင်ပါ။

၄ ပြည်ထောင်စုဖောင့်ကိုသာ အသုံးပြုရပါမည်။ (ဇော်ဂျီဖောင့်အသုံးပြု၍မရပါ)

အကယ်၍ မဲဆန္ဒရှင်စာရင်းတွင် သင့်အမည်မပါဝင်ပါက (သို့မဟုတ်) ကိုယ်ရေး အချက်အလက်များမှားယွင်းနေပါက ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံသွားရောက်၍ လိုအပ်သည့် ပုံစံတောင်းယူ၍ ဖြည့်စွက်ပြင်ဆင်ပါ။

## အဆင့် (၄) သွားရောက်ဆန္ဒမဲပေးပါ။

ဂုဏ်ယူပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ (၈) ရက်နေ့မှာ သင်ဆန္ဒမဲ ပေးဖို့အဆင်သင့်ဖြစ်ပါပြီ။




## သတိရပါ –

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်စာရင်း၌ မိမိအမည်ကို လွယ်ကူစွာ ရှာဖွေနိုင်ရန် ရိုးရှင်းသည့် အောက်ဖော်ပြပါအကြံပြုချက်များကိုလိုက်နာပါ။


၁–က မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာစဉ်တွင်မိမိ၏မဲစာရင်း အမှတ်စဉ်ကို မှတ်သားထားပါ။

၂ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပြင်ပ၌ ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်း၌ မိမိအမည်နှင့် မဲစာရင်းအမှတ်စဉ်ကိုရှာပါ။



၁–ခ သို့မဟုတ်ပါက အွန်လိုင်းမှ မိမိအမည်ကိုစစ်ဆေးပါ။ မိမိ၏မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားပါ။

၃ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်းဝင်ရောက်သည့်အခါ လွယ်ကူစွာ သင့်အမည်အား မဲစာရင်းတွင် ရှာဖွေနိုင်ရန် မဲစာရင်းစစ်ဆေးသူအား သင့်၏မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ။



ဤအခွင့်အရေးကို အသုံးပြု၍ သင့်မိသားစုဝင်များရဲ့မဲစာရင်း အမှတ်စဉ်များ ကိုလည်းစစ်ဆေးလိုက်ပါ။ ယခုလိုပြုလုပ်ခြင်းသည် သင်၏ ဆန္ဒမဲပေးခြင်းကို လျင်မြန်စေမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းကိုလည်း အထောက်အကူဖြစ်စေပါမည်။